# ပုဂ္ဂလိကလုပ်ငန်း လုပ်ပိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

[ ၁၉၇၇ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေ အမှတ် ၅ ]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပုဂ္ဂလိကလုပ်ငန်း လုပ်ပိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ပုဂ္ဂလိကလုပ်ငန်း လုပ်ပိုင်ခွင့်ဥပဒေ ပုဒ်မ ၅ တွင် ပါရှိသော "တိုင်းရင်းသား" ဆိုသည့် စကားရပ်ကို "နိုင်ငံသား" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ပုဂ္ဂလိကလုပ်ငန်း လုပ်ပိုင်ခွင့် ဥပဒေ ပုဒ်မ ၅ အောက်တွင် အောက်ပါ ပုဒ်မကို ပုဒ်မ ၅-က အဖြစ် ဖြည့်စွက်ရမည်—

> ၅-က။ နိုင်ငံသားတစ်ဦးသည် ဥပဒေအရ လက်ကား မှတ်ပုံတင်၍ ဝန်ကြီးအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့် ကင်းလွတ်သီးနှံများကို မူလအတိုင်းဖြစ်စေ၊ ကြိတ်ခွဲပြုပြင်မွမ်းမံ၍ ဖြစ်စေ ဥပဒေနှင့်အညီ ရောင်းဝယ်ခွင့် ရှိသည်။

၄။ ပုဂ္ဂလိကလုပ်ငန်း လုပ်ပိုင်ခွင့် ဥပဒေပုဒ်မ ၁၀ ကို အောက်ပါ ပုဒ်မဖြင့် အစားထိုးရမည်—

၁၀။ (က) ပုဂ္ဂလိက လုပ်ငန်းရှင် တစ်ဦးသည် ဤဥပဒေအရ မှတ်ပုံတင်ရန်လိုအပ်သည့်လုပ်ငန်းအတွက် စည်းမျဉ်း၊ စည်းကမ်းများနှင့် အညီ သက်ဆိုင်ရာ အဖွဲ့အစည်းသို့မဟုတ် ပုဂ္ဂိုလ်ထံတွင် မှတ်ပုံတင်ရမည်။ သို့ရာတွင် ရှိရင်းစွဲဥပဒေ တစ်ရပ်ရပ်အရ မှတ်ပုံတင်ပြီး ဖြစ်လျှင် ဤဥပဒေအရ မှတ်ပုံတင်ရန်မလို၊

(ခ) ပုဂ္ဂလိကလုပ်ငန်းရှင် တစ်ဦးသည် ဤ ဥ ပ ဒေ အ ရ လက်ကားမှတ်ပုံတင်၍ ရောင်းဝယ်လျှင် အခွန်ကို ဝန်ကြီးအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့် နှုန်းထားနှင့် နည်းလမ်းအတိုင်း ငွေဖြင့် ဖြစ်စေ၊ သီးနှံဖြင့်ဖြစ်စေ၊ ကုန်ပစ္စည်းဖြင့်ဖြစ်စေ ပေးဆောင်ရမည်၊

(ဂ) အခွန်နှုန်းထားကို ပြည် သူ့ လွှတ် တော် အ စည်းအဝေးသို့ တင်ပြ ပြဋ္ဌာန်းမည့် နိုင်ငံတော်၏ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေတွင် ထည့်သွင်းဖော်ပြရမည်။

၅။ ပုဂ္ဂလိကလုပ်ငန်း လုပ်ပိုင်ခွင့် ဥ ပ ဒေ ပုဒ်မ ၁၉ အောက်တွင် အောက်ပါပုဒ်မကို ပုဒ်မ ၁၉-က အဖြစ် ဖြည့်စွက်ရမည်—

၁၉-က။ ပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဦးသည် ပုဒ်မ ၁၀ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ် တစ်နှစ်မှ အများဆုံး ထောင်ဒဏ်သုံးနှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ်တစ်သောင်း အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၆။ ပုဂ္ဂလိကလုပ်ငန်း လုပ်ပိုင်ခွင့် ဥပဒေပုဒ်မ ၂၉ ကို အောက်ပါပုဒ်မဖြင့် အစားထိုးရမည်—

၂၉။ ပုဒ်မ ၁၀ ပုဒ်မခွဲ (ခ) အရ ပေးဆောင်ရမည့် အခွန်ကိုဖြစ်စေ၊ ပုဒ်မ ၁၉၊ ၂၁၊ ၂၂၊ ၂၃ သို့မဟုတ် ၂၆ အရ ချမှတ်ထားသော ငွေဒဏ်ကိုဖြစ်စေ သက်ဆိုင်ရာ ပုဂ္ဂလိက လုပ်ငန်းရှင်က ပေးဆောင်ရန်ပျက်ကွက်လျှင် ယင်းအခွန် သို့မဟုတ် ငွေဒဏ်ကို မြေခွန်မပြေ ကျန်ငွေ ဖြစ်ဘိသကဲ့သို့ အရ ကောက်ခံရမည်။

၇။ ပုဂ္ဂလိက လုပ်ငန်း လုပ်ပိုင်ခွင့်ဥပဒေ ပုဒ်မ ၃၀ တွင် အောက်ပါ ပုဒ်မခွဲကို ပုဒ်မခွဲ (င) အဖြစ် ဖြည့်စွက်ရမည်—

(င) ပုဒ်မ ၁၀ ပုဒ်မခွဲ (ခ) အရ ပုဂ္ဂလိက လုပ်ငန်းရှင်များ ပေးဆောင်ရမည့် အခွန်အမျိုးအစား၊ ပေးဆောင်ရမည့် နှုန်းထားနှင့် နည်းလမ်းများ၊ ပေးဆောင်ရမည့် အကြိမ်၊ အချိန်ကာလ၊ အခွန်စည်းကြပ် ကောက်ခံခြင်းတို့နှင့် စပ်လျဉ်းသည့် သတ်မှတ်ချက်များ။